# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

Twinkle Light Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန် ၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၁၈၂/၅)၊ မြေဧရိယာ (၁.၉၂) ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate-ECC)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**
**(Environmental Compliance Certificate – ECC)**

သက်သေခံလက်မှတ်အမှတ်။ ECC ( ၅၆၈ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ) ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – Mr. Yu Liang<br>Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – Twinkle Light Fashion Co., Ltd.၊ မြေကွက်အမှတ် (၁၈၂/၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ရွှေလင်ဗန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>ဖုန်း – ၀၉ ၇၄၀ ၉၆၃ ၄၈၅<br>Laura.li@ystholdinghk.com |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – (၂၀) နှစ် |
| (င) | **စီမံကိန်း၏အရွယ်အစား** | – စီမံကိန်းဧရိယာ (၁.၉၂) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – မြေကွက်အမှတ် (၁၈၂/၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း** | – (၅) နှစ်<br>စတင်ထုတ်ပေးရက် – ၃၁-၁-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် – ၃၀-၁-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | – ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |

(ဈ) **အတည်ပြုအစီရင်ခံစာ** - Twinkle Light Fashion Co., Ltd.၏ ၃၀-၁၁-၂၀၂၃ ရက်စွဲပါတင်ပြစာ

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

(signed) ၁၄.၂.၂၀၂၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Twinkle Light Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန် ၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၁၈၂/၅)၊ မြေဧရိယာ (၁.၉၂) ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Twinkle Light Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၁၈၂/၅)၊ မြေဧရိယာ (၁.၉၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် Twinkle Light Fashion Co., Ltd. ၏ ၃၀-၁၁-၂၀၂၃ ရက်စွဲပါ စာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Yu Liang၊ Director ၊ Twinkle Light Fashion Co., Ltd. ၊ မြေကွက် အမှတ် (၁၈၂/၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ရွှေလင်ဗန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း - ၀၉ ၇၄၀ ၉၆၃ ၄၈၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်မှာ ကုန်ကြမ်းများအား စစ်ဆေးခြင်း၊ ပိတ်စများ ဖြတ်ခြင်း၊ ဖြတ်ပိတ်စများအားချုပ်ခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ မီးပူတိုက်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** လုပ်ငန်းအတွက် လိုအပ်သောကုန်ကြမ်းများဖြစ်သည့် Fabric, Interlining, Button, Thread, Duck Down နှင့် Zipper စသည်တို့ကို တရုတ်နိုင်ငံမှ တင်သွင်းမည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းအတွက် ရေအသုံးပြုရန်အတွက် စက်ရုံဝန်းအတွင်းရှိ (၄) လက်မပိုက် အဝီစိတွင်းမှ ရယူ အသုံးပြုပြီး အထွေထွေသုံးရေအနေဖြင့် တစ်နှစ်လျှင် (၁,၆၀၅,၀၀၀) ဂါလန်နှင့် ဘွိုင်လာအတွက် တစ်လလျှင် (၆,၆၀၀) ဂါလန်ခန့် အသုံးပြုကြောင်း၊ လျှပ်စစ်အသုံးပြုမှု အနေဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ 500 KVA ရှိ Transformer ဖြင့် ရယူအသုံးပြုကြောင်း၊ လျှပ်စစ်သုံးစွဲမှုအနေဖြင့် တစ်လလျှင် (၁၉၇,၀၀၀) ယူနစ်ခန့်ရှိကြောင်း၊ အရေးပေါ်မီးစက်အနေဖြင့် 350 KVA ဂျင်နရေတာဖြင့် အသုံးပြုမည်ဖြစ်ကြောင်းနှင့် တစ်လအတွက် ဒီဇယ်အသုံးပြုမှုမှာ (၂,၄၅၈) လီတာခန့်အသုံးပြုကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၁၈၂/၅)တွင် တည်ရှိပါသည်။


**Twinkle Light Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန် ၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၁၈၂/၅)တွင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



**Twinkle Light Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန် ၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၁၈၂/၅) တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan**



**Twinkle Light Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန် ၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၁၈၂/၅)တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ Process Flow Chart**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် Twinkle Light Fashion Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် Twinkle Light Fashion Co., Ltd.၏ ၃၀-၁၁-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်၊

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်မှာ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်မှာ ကုန်ကြမ်းများအား စစ်ဆေးခြင်း၊ ပိတ်စများဖြတ်ခြင်း၊ ဖြတ်ပိတ်စများအားချုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်၊

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘွိုင်လာမှထွက်ရှိသော အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချရန်အတွက် ဘွိုင်လာမီးခိုးခေါင်းတိုင် အမြင့်အား (၈၀) ပေအထိထားရှိ အသုံးပြုရန်၊

(၂) ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် လေထုညစ်ညမ်းမှုအား လျှော့နည်းစေရန်အတွက် အပင်များ စိုက်ပျိုးရန်၊

(၃) ဘွိုင်လာနှင့် မီးစက်အား ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းများ လုပ်ဆောင်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်စီးခြင်းမှ ရှောင်ရှားသွားရန်၊

(၅) လုပ်ငန်းခွင်အတွင်း အမှုန်အမွှားထွက်သောနေရာများတွင် အလုပ်သမားများအား နှာခေါင်းစည်းများ ထောက်ပံ့ပေးရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လူသုံးစွန့်ပစ်ရေတွင် ပါဝင်သောအရာများကို ဖယ်ရှားရန်အတွက် ရေစစ်ကန်ထားရှိရန်၊

(၂) မီးစက်များတွင် ဆီခံခွက် (သို့) အခြားဆီယိုစိမ့်မှုကို ထိန်းထားနိုင်မည့် အစီအမံများ ဆောင်ရွက်ထားရန်၊

(၃) ပန်းကန်ဆေးဘေစင်များတွင် ဇကာများတပ်ဆင်ပေးခြင်း၊ ရေမြောင်း၊ ရေကန်များ အတွင်းသို့ အမှိုက်ပစ်ခြင်းကို တားမြစ်ရန်နှင့် လုပ်သားများအား ပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းမှထွက်ရှိလာသော အမှိုက်များကို မိုး၊ လေလုံသောနေရာတွင် ခေတ္တသိုလှောင်ထားရန်နှင့် စွန့်ပစ်ပစ္စည်းများကို မစွန့်ပစ်မီ အဖုံးပါသော ပုံးများဖြင့် သိုလှောင်ထားရန်၊

(၅) မိလ္လာစနစ်တွင် ယိုစိမ့်မှုမရှိစေရန် အချိန်မီစွန့်ပစ်ခြင်း၊ စက်ရုံအတွင်း အမှိုက်နှင့် ရေဝပ်နေရာများအား ရှင်းလင်းခြင်းများဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဂျင်နရေတာခန်းများအား အသံလုံအောင် လုပ်ဆောင်ရန်နှင့် စက်ပစ္စည်းကိရိယာများအား ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်း ကုန်တင်ယာဉ်နှင့် စက်တပ်ယာဉ်များ မောင်းနှင်ခြင်းအား အရှိန်ကန့်သတ်ချက်ဖြင့်သာ မောင်းနှင်စေရန်၊

(၃) အလုပ်သမားများအား လုပ်ငန်းခွင်အတွင်း တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်း (PPE) များ လုံလောက်အောင် ထောက်ပံ့ပေးရန်၊

(၄) အလုပ်သမားများအား လုပ်ငန်းခွင်အတွင်း ဆူညံမှုရှိသော ဧရိယာများတွင် တစ်ကိုယ်ရေ ကာကွယ်ရေးသုံးပစ္စည်း (PPE) များ အသုံးပြုတတ်စေရန် အတွက် သင်တန်းများပေးရန်။

(စ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်ကိစ္စရပ်များအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်ခွေများနှင့် မီးသတ်ရေပိုက်ခေါင်းများအား စက်ရုံ၏ နံရံများပေါ်တွင် တပ်ဆင်ထားရန်၊

(၂) အရေးပေါ်ထွက်ပေါက်နှင့် လူစုဝေးရာနေရာတို့အား လမ်းညွှန်ပြသထားရန်၊

(၃) အရေးပေါ် မီးသတ်ကိရိယာများ၊ မီးသတ်ရေလှောင်ကန်များစသည့် မီးငြိမ်းသတ်ရေး ပစ္စည်းများအား ပုံမှန်စစ်ဆေးသွားရန်၊

(၄) အလုပ်သမားများ မီးဘေးအန္တရာယ် သတိပြုမိစေရန်အတွက် အရေးပေါ်မီး အချက်ပြစနစ်များအား စက်ရုံတွင် တပ်ဆင်ရန်၊

(၅) စက်ရုံဝင်ပေါက်နှင့် အရေးပေါ် အခြေအနေဆိုင်ရာ လမ်းကြောင်းများတွင် အရေးပေါ် အခြေအနေဖြစ်ပွားပါက အရာဝတ္ထုများ၊ စက်ပစ္စည်းများ ပိတ်မိ မနေစေရေး ဆောင်ရွက်ရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအား ရေးဦးသူနာပြုသင်တန်းများ၊ လုပ်ငန်းခွင်ဘေးကင်းရေးသင်တန်းများ၊ မီးသတ်သင်တန်းများ သို့မဟုတ် အရေးပေါ်ကိစ္စရပ်များအတွက် အခြားလိုအပ်သော စက်ပိုင်းဆိုင်ရာ သင်တန်းများအား လုပ်ဆောင်ပေးရန်၊

(၂) လုပ်ငန်းခွင်အတွင်း အလုပ်သမားများ ဘေးကင်းစွာ လုပ်ကိုင်နိုင်ရန်နှင့် မျက်လုံးထိခိုက်မှု လျှော့ချနိုင်ရန်အတွက် အလင်းရောင် လုံလောက်စွာရရှိစေရေး လုပ်ဆောင်ပေးရန်၊

(၃) အလုပ်သမားများအား တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE) များ (နားကြပ်များ၊ လက်အိတ်များ၊ ဦးထုပ်များနှင့် မျက်မှန်များ) ကဲ့သို့သော ပစ္စည်းများအား လုပ်ငန်း တစ်ခုချင်းစီအလိုက် ထောက်ပံ့ပေးရန်၊

(၄) လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန်အတွက် လျှပ်စစ်ပြုပြင်သည့် ဝန်ထမ်းမှ ပုံမှန် စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများ လုပ်ဆောင်ရန်၊

(၅) အလုပ်သမားများ၏ ကျန်းမာရေးအတွက် စက်ရုံရှိ ရေမြောင်းစနစ်များအား ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၆) လုပ်ငန်းလည်ပတ်ချိန် (၈) နာရီအတွင်း ဝန်ထမ်းများအတွက် အသံဆူညံမှုမှာ (70) dBA ထက်ကျော်လွန်ခြင်းမရှိစေရန် ဆောင်ရွက်မည်ဖြစ်ပြီး အသံဆူညံမှုမြင့်မားသော နေရာများတွင် အလုပ်သမားများအား အသံဆူညံမှုကာကွယ်ရန်အတွက် နားကြပ်များ လုံလောက်စွာ ထောက်ပံ့ပေးရန်။

(ဇ) **အစိုင်အခဲစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်းနှင့် အနီးအနားရှိ ရေကန်များ၊ တူးမြောင်းများ သို့မဟုတ် မြစ်များထဲသို့ အမှိုက်စွန့်ပစ်ခြင်း မပြုရန်၊

(၂) အဝတ်စများ၊ စက္ကူဘူးများစသည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား သီးခြားစီခွဲခြားထားမည်ဖြစ်ကြောင်းနှင့် လျှပ်စစ်မီးသီးကဲ့သို့ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် ဓာတုပစ္စည်းထည့်သည့်ပုံးများကိုလည်း သီးခြားစီသိမ်းဆည်းရန်၊

(၃) ပြန်လည်အသုံးပြု၍ရသည့် အဝတ်စများ၊ စက္ကူဘူးများ၊ ပလတ်စတစ်စများအား ဒေသတွင်း ဝယ်ယူသူများထံသို့ ရောင်းချမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းထွက်ရှိမှုများအား နေ့စဉ် မှတ်တမ်းတင်ထားရှိရန်၊

(၄) ဘွိုင်လာမှ ထွက်ရှိသော စွန့်ပစ်ပြာများအား အမှိုက်ပုံးများဖြင့် သီးခြား စုဆောင်းထားရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ဝန်ဆောင်မှုဖြင့် စွန့်ပစ်ရန်၊

(၅) အလုပ်သမားများအသုံးပြုရာမှ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဝန်ဆောင်မှုဖြင့် အပတ်စဉ် သိမ်းဆည်းရန်၊

(၆) နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား ခွဲခြားစွန့်ပစ်ရန်။

(ဈ) **စွန့်ပစ်ရေစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းရှိ ရေနုတ်မြောင်းများနှင့် မိလ္လာစနစ်များအား ကောင်းမွန် စေရေး လုပ်ဆောင်မည် ဖြစ်ကြောင်း၊ အနီးအနားရှိ အများပြည်သူသုံး ရေမြောင်းစနစ်များ တွင်လည်း ရေများပိတ်မိမနေစေရေး ဆောင်ရွက်ရန်၊

(၂) မိလ္လာစနစ်များအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ခြင်းများ လုပ်ဆောင်ရန်၊

(၃) စီမံကိန်းလုပ်ငန်းရှိ ရေမြောင်းများအား အနံ့ဆိုးထွက်ရှိမှုမရှိစေရန်သန့်ရှင်းရေး လုပ်ဆောင်ရန်နှင့် ရေများပိတ်မိမနေစေရေး ဆောင်ရွက်ရန်၊

(၄) ဘွိုင်လာမှ စွန့်ပစ်ရေများအား အအေးခံပြီးမှ စက်ရုံရေမြောင်းအတွင်းသို့ စွန့်ပစ်ရန်။

(ည) **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ သိုလှောင်သည့်နေရာများအား ပုံမှန် စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းများ လုပ်ဆောင်ရန်၊

(၂) ဘေးအန္တရာယ်ရှိ ဓါတုပစ္စည်းများနှင့် ပုံးခွံများအား လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းစေရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ထားရှိရန်၊

(၃) ဓာတုပစ္စည်းများထည့်ထားသည့် ပုံးခွံများအား ပြန်လည်အသုံးပြုသူများထံ ပေးခြင်း သို့မဟုတ် သင့်တော်သလို စွန့်ပစ်ခြင်းများ လုပ်ဆောင်ရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား လိုင်စင်ရ သယ်ယူပို့ဆောင်သည့် အဖွဲ့များဖြင့် သယ်ယူ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကဲ့သို့သော ဌာနများဖြင့် စွန့်ပစ်ရန်။

(ဋ) **စွမ်းအင်သုံးစွဲမှုစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းအတွင်း အချိန်ပြကိရိယာ တပ်ဆင်ရန်နှင့် စက်ပစ္စည်းများ၏ အပူနှင့် အအေးအခြေအနေအား ထိန်းချုပ်ရန်အတွက် အပူထိန်းညှိသည့် ကိရိယာများ တပ်ဆင်ရန်၊

(၂) စွမ်းအင်ချွေတာရန်အတွက် စွမ်းအင်ချွေတာသည့် မီးလုံးများအား တပ်ဆင်ရန်၊

(၃) စွမ်းအင်ချွေတာသည့် ကိရိယာများအား တပ်ဆင်အသုံးပြုရန်၊

(၄) အသုံးမပြုသည့်အချိန်တွင် စက်ပစ္စည်းကိရိယာများနှင့် မီးသုံးစွဲမှုများအား ပိတ်ထားရန်။

(၅) **ရေသုံးစွဲခြင်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေသုံးစွဲမှုအား ရေမီတာများ တပ်ဆင်၍ ထိန်းသိမ်းလုပ်ဆောင်ရန်၊

(၂) စက်ရုံရှိအလုပ်သမားများအား ရေသုံးစွဲမှု သင်တန်းများပေးခြင်းနှင့် ထိန်းသိမ်း တတ်စေရေး အလေ့အကျင့်ကောင်းများအား လုပ်ဆောင်တတ်စေရန်၊

(၃) လောင်စာဆီသုံးစက်ပစ္စည်းများမှ ရေညစ်ညမ်းမှုမဖြစ်စေရန် ရှောင်ရှားရန်။

(၃) **အရေးပေါ်တုံ့ပြန်မှုနှင့် ဘေးကင်းရေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံစီမံခန့်ခွဲရေးမှ မီးဘေး၊ ငလျင်ဘေး၊ ရေကြီးခြင်းနှင့် မုန်တိုင်းကဲ့သို့သော အရေးပေါ်ကိစ္စရပ်များအား ကိုင်တွယ်ရန်အတွက် သင့်လျော်သော အစီအမံများ လုပ်ဆောင်ရန်၊

(၂) စက်ရုံရှိ အလုပ်နေရာများအားလုံးတွင် မီးငြှိမ်းသတ်ရေး ကိရိယာများနှင့် မီးသတ်ရေပိုက်ခေါင်းများအား တပ်ဆင်ခြင်းနှင့် စစ်ဆေးခြင်းများ လုပ်ဆောင် ရန်၊

(၃) အရေးပေါ်အခြေအနေအတွက် (မီးဘေးအတွက် ထွက်ပေါက်၊ အရေးပေါ် တံခါးထွက်ပေါက်) စသည်ဖြင့် အသေးစိတ်အစီအမံများအတွက် တွက်ချက် လုပ်ဆောင်ခြင်းနှင့် အလုပ်သမားများနှင့်လည်း ဆက်သွယ်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်၊

(၄) လေဖိအားသုံးပစ္စည်းများနှင့် စက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်း စေရေးအတွက် အချိန်အလိုက် စစ်ဆေးမှုများ လုပ်ဆောင်ခြင်းနှင့် ပြုပြင် ထိန်းသိမ်းမှုများ လုပ်ဆောင်ရန်နှင့် အလုပ်သမားများအား လျှပ်စစ်အန္တရာယ် နှင့် ပတ်သက်သော သင်တန်းများအား ပို့ချရန်၊

(၅) မီးငြှိမ်းသတ်ရေးလေ့ကျင့်မှုများအား ပုံမှန်လုပ်ဆောင်ရန်၊

(၆) အလုပ်သမားများအား လျှောင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များအတွက် အသိပေး အကြောင်းကြားမည် ဖြစ်ကြောင်းနှင့် အခြားသော အရေးပေါ်ကိစ္စရပ်များအတွက် အလုပ်သမားများအား သင်တန်းများ ပို့ချပေးရန်၊

(၇) အရေးပေါ် ကုသခြင်းလုပ်ငန်းများ (ရှေးဦးသူနာပြုခြင်းလုပ်ငန်း) အတွက် ဆေးအဖွဲ့အား ပြင်ဆင်ထားရှိရန်၊

(၈) အရေးပေါ်ကိစ္စရပ်များအတွက် အနီးအနားရှိ မီးသတ်ဌာန၊ ရဲစခန်း၊ ဆေးရုံ စသည်တို့၏ ဖုန်းနံပါတ်များအား တိုက်ရိုက်ဆက်သွယ်နိုင်ရန်အတွက် မြင်သာသည့် နေရာတွင် ထားရှိရန်၊

(၉) မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ဘေးကင်းလုံခြုံရေး ကော်မတီအား ဖွဲ့စည်းထားမည်ဖြစ်ကြောင်းနှင့် ကော်မတီမှ ဘေးကင်းလုံခြုံရေး အစီအမံများအတွက် လစဉ်ဆွေးနွေးပွဲများ လုပ်ဆောင်ရန်၊

(၁၀) အလုပ်သမားများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ မီးဘေးလုံခြုံရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးတို့အတွက် သင်တန်းများပို့ချရန်။

(ဃ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံအရည်အသွေးနှင့် စွန့်ပစ်ရေအရည်အသွေးတို့ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၂) ရေအရည်အသွေးနှင့် အလင်းအရည်အသွေးတို့ကို တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့် စစ်ဆေးရန်၊

(၃) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အပတ်စဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့် မီးဘေးတို့အား လစဉ် စောင့်ကြည့်စစ်ဆေးရန်။

(င) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အား ၁၁-၁၀-၂၀၁၈ ရက်နေ့တွင် Twinkle Light စက်ရုံတည်ရှိရာ ရွှေလင်ဗန်းစက်မှုဇုန်ရှိ စက်မှုဇုန်ကော်မတီရုံး၏ ကနောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ စက်ရုံတာဝန်ရှိသူများ၊ ရွှေလင်ဗန်းအုပ်ချုပ်ရေးမှူးနှင့် အနီးအနားရှိ စက်ရုံများမှ တာဝန်ရှိသူများဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဖော်ပြထားပါသည်။

(တ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ထ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ (၈,၈၅၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းကာလအတွင်း စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတွက် ရန်ပုံငွေ (၇,၂၅၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းဖျက်သိမ်းခြင်းကာလအတွင်း စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတွက် ရန်ပုံငွေ (၄,၆၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့်စပ်လျဉ်း၍ နှစ်စဉ် အသားတင်အမြတ်ငွေ ၂% သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သော၊ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေသော၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျစေသော ထုတ်လုပ်မှုနည်းပညာများ၊ ကောင်းမွန်သော ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ (Good Manufacturing Practices- GMP) ကိုမြှင့်တင်ဆောင်ရွက်ရန်၊

မှန်လုံအိမ်ဓာတ်ငွေ့ ထွက်ရှိနိုင်သော ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကို ယာဉ်၊ ယန္တရားအမျိုးအစား အလိုက် လစဉ် သုံးစွဲမှုခန့်မှန်းချက် ထည့်သွင်းပြုစုရန်၊ GHGs အထူးသဖြင့် $CO_2$ စုပ်ယူ ဖယ်ထုတ်နိုင်မည့် သစ်တောထိန်းသိမ်း ကာကွယ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်များ ရေးဆွဲပြုစု ဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျောင် လူပ်ခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေး၊ ပျက်စီးဆုံးရှုံးမှု လျော့ချနိုင်ရေးအတွက် အစီအမံများရေးဆွဲ၍ ကြိုတင် ပြင်ဆင် ဆောင်ရွက်ရမည်၊

(၂) စီမံကိန်း၌ အထည်ဖြတ်တောက်ခြင်းနှင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းများမှ ထွက်ရှိမည့် အထည်ဖြတ်စများနှင့် ချည်မျှင်အစအနများ၊ အထည် ဖြတ်တောက်သည့် အပိုင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ် (Packaging Process) မှ ထွက်ရှိမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ စက္ကူဘူးခွံများ၊ အထွေထွေသုံး စွန့်ပစ်ရေများ၊ ဘွိုင်လာစွန့်ပစ်ရေများ၊ မီလ္လာအညစ်အကြေးများနှင့် ဝန်ထမ်းသုံး စွန့်ပစ်အမှိုက်များအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စနစ်တကျ စွန့်ပစ် ရမည်၊

(၃) ဘွိုင်လာအသုံးပြုခြင်းမှ ထွက်ရှိသည့်အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာဌာနက စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာစွန့်ပစ်ဆောင်ရွက်ရန်နှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိ ဆောင်ရွက်ရမည်၊

(၅) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့ နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ် ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံ အဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာ ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) လေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စွန့်ပစ်အစိုင်အခဲ များ သယ်ယူအသုံးပြုမှု၊ သိုလှောင်မှု၊ စွန့်ပစ်မှုများကြောင့် လုပ်ငန်းခွင်နှင့် အနီး ဝန်းကျင်အပေါ် ညစ်ညမ်းမှုမရှိစေရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Domestic Wastewater များအား စနစ်တကျ သန့်စင်၍ NEQEG Guideline အထွေထွေ လမ်းညွှန်ချက်များ အပိုဒ် (၁.၂) အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး စနစ်တကျ သန့်စင်ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေ စွန့်ပစ်မှုများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ များ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာ ဆောင်ရွက်ရမည်၊

(ဃ) **လေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အလုပ်သမားများအတွက် လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရမည် ဖြစ် ကြောင်း၊ Indoor Air Quality Monitoring Device တပ်ဆင် ဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Air Condition နှင့် အခြား Gas အသုံးပြုသည့်ပစ္စည်းများအတွက် Gas အသုံးပြုရာတွင် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှု နည်းသော Gas အမျိုးအစားအား အသုံးပြုဆောင်ရွက်ရမည်၊

(င) **လျှပ်စစ်အန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** မီးပူတိုက်သည့်လုပ်ငန်းစဉ် မီးပူတိုက်ရာတွင် လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုမရှိစေရန် ဝန်အားမျှတစွာ အသုံးပြုဆောင်ရွက်ရေးနှင့် ပေါ့ဆမှုကြောင့် မီးလောင်မှုမဖြစ်စေရေး လိုက်နာ ဆောင်ရွက်ရမည်၊

(စ) **ရေသုံးစွဲမှု စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ရေအရင်းအမြစ် အသုံးပြုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စည်းကမ်းချက်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Waste Water များအား စနစ်တကျ သန့်စင်၍ Guideline အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်၊

(ဆ) **ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကုန်ကြမ်းပစ္စည်းများ ရယူမှုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တင်သွင်းရာတွင် ပြည်တွင်းပြဋ္ဌာန်းဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ လိုက်နာတင်သွင်းရမည် ဖြစ်ကြောင်းနှင့် လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှုတို့ ဆောင်ရွက်ရာတွင် Material Safety Data Sheet ပါ စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်၊

(ဈ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို

ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(ည) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဋ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှု များ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ ရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင်

တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၄) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ် /မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(၃) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊

အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဃ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(င) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်

စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော် ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ

နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြား ငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---